

စိုးမိုးစာပေ

လုံးချင်းဝတ္ထုသစ်

# ရင်ပြင်မှတ်နိုး

အဖြူရောင်ခြယ်သောချစ်ခြင်းဖြင့်သာ

ပန်းချီသိန်းရွှေကြည် ၂၀၀၅

## အခန်း(၁)

"လူနာရှင်က သမီးလား"

"ဟုတ် ... ဟုတ်ကဲ့"

"လူနာနဲ့ ဘာတော်လဲ"

"သမီးအကြီးပါ"

"ဪ ... ဦးအောင်မော်ရဲ့ သမီးလား"

"ဟုတ်ကဲ့ရှင့်"

"အင်း ... ဒါ ဆိုရင်တော့ သေသေချာချာနားထောင်နော် သမီး"

"ဟုတ် ... ဟုတ်ကဲ့"

ခေါင်းလေးကို ဆတ်ခနဲ ညိတ်ပြလိုက်ရပေမယ့် သူမစိတ်တွေ ဘယ်လောက်တောင် သွေးပျက် မတတ် ချောက်ချားနေသလဲဆိုတာ ဖြူလျော်လျော်မျက်နှာလေးကို မြင်လိုက်တာနှင့် ဆရာဝန်ကြီးက စာနာနားလည်နေဟန်ရှိသည်။

ဓာတ်မှန်ချပ်လေးကိုကြည့်လိုက် သွေးစစ်ထားသောအဖြေကိုကြည့်လိုက်၊ အသားစစစ်ထားသော အဖြေကိုကြည့်လိုက်နှင့် သက်ပြင်းလေးတစ်ချက် ကြိတ်ရှိုက်ကာ သူမမျက်နှာဆီ စေ့စေ့ကြည့်လိုက်ပြီး ...

"လူနာက အဆုတ်ကင်ဆာဖြစ်နေတယ် သမီး"

"ရှင်"

ပြုံဆင်းလာသော မျက်ရည်များက ပါးပြင်လေးနှစ်ဖက်ပေါ်သို့ ပိုးပိုး ပေါက်ပေါက် ကျလာ၏။ ဟန်ဆောင်ထိန်းသိမ်းနိုင်ခြင်းဆိုသော အသိ တွေက သူမနှင့်ချက်ချင်းပင် ကင်းကွာသွားရသည် ။

"စစ်ချက်တွေအားလုံးက အဲဒီအဖြေကိုပဲ ပေးနေပြီသမီး"

"အဟင့် ... ဟင့်"

"အဟင့် ... ဟင့်"

သွန်းဆစ်တစ်ယောက် အသံလေးထွက်ကာပင် တသိမ့်သိမ့် ရှိုက်ငို လိုက်မိတော့သည် ။

ဘယ်လိုလုပ်ရမလဲ။

အဖေ့ရောဂါက အဆုတ်ကင်ဆာတဲ့ ။

"လူနာကို ဆေးရုံတင်ရင်ကောင်းမယ်၊ အခြေအနေက အရမ်းဆိုးနေ တာလေ"

ဆေးရုံတင်ရမယ်တဲ့ ။

ဘယ်မှာ လဲ ပိုက်ဆံ။ အခုလို ဆေးခန်းလေး ပြပြနေရတာပင် သူမ တို့ မိသားစု အနှစ်နှစ်အလလ က စုဆောင်းထားတဲ့ စုဆောင်းငွေလေး တွေအားလုံး ကုန်နေချေပြီ။

ဒါကို ဘယ်လိုလုပ်ပြီး ဆေးရုံတင်နိုင်မည်နည်း။

အိပ်ရာထဲ ဘုန်းဘုန်းလဲနေ၍ သာ သူမ စိတ်မကောင်းလွန်း၍ ဆေး ရုံကြီးကိုသွားပြီး ဆေးတွေ စစ်ခဲ့ရတာ သွားရလာရစရိတ်နှင့်

ဆေးဖိုးကြောင့် လူက အသက်ပင် ဝဝမရှူနိုင်။ အဲဒီလိုလုပ်မှ လည်း ရောဂါအမှန်ကိုသိရမှာ လေမို့ စစ်ဆေးလိုက်မိခြင်းဖြစ်သည် ။

အခုတော့ သူမ သိခွင့်ရလိုက်ပြီ။

အဖေက အဆုတ်ကင်ဆာ ဖြစ်နေတာတဲ့ ။

သူမ ဆယ်တန်းအောင်ပြီးသား ခေတ်ပညာတတ် မိန်းကလေးတစ်ယောက်မို့ ဒီလောက်တော့ ရောဂါအကြောင်းကို သိထားပြီးသားပင်။ ကင်ဆာဆိုလျှင် ထိုလူအတွက် ဘယ်လိုမှ ရှေ့ဆက်ပြီး မျှော် လင့်ချက်တွေ တားလို့ မရတော့ဘူးဆိုတာ သူမစိတ်မှာ အလိုလိုသိလာရတဲ့ အဖြေတစ်ခုပါပဲ။

"အခြေအနေက အရမ်းဆိုးဝါးနေပြီဆိုတော့ ဆေးရုံတင်တာ အကောင်းဆုံးပဲကွယ်"

"ဟုတ် ... ဟုတ်ကဲ့ပါ ဒေါက်တာ၊ သမီး အိမ်ကို တိုင်ပင်ပြီး"

"သိပ်မတတ်နိုင်ဘူးဆိုရင်လည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို တင်ပေါ့ကွယ်"

အို

ဆရာဝန်ကြီးက သူမရဲ့ အခက်အခဲကို ခံစားနားလည်ဟန်ရှိ၏။ အကောင်းဆုံးသော အကြံဉာဏ် တစ်ခုကို ပေးရှာပါသည် ။ သွန်းဆစ်တို့ ရပ်ကွက်လေးထဲမှာ ဖွင့်တာကြာပြီဆိုတော့လည်း ဒီလောက်တော့ အခြေအနေကို အကဲခတ်မိနေမှာ ပေါ့လေ။

သွန်းဆစ် ဘယ်လိုပြောရပ့ါမလဲ။

ခေါင်းညိတ်ဖို့ လည်း အခက်၊ ခေါင်းခါဖို့ ကျပြန်တော့လည်း အဖေ့

ကို သနားလွန်း၍ မခါရက်ပြန်။ အဖေ့ကို အခန်းအပြင်မှာ နေခိုင်းပြီးမှ သူမကို တစ်ယောက်တည်း အခန်းထဲခေါ်ကာ ဆေးစစ်ချက်ရဲ့ အဖြေကို ဖတ်ပြခဲ့တာမို့ စစ်ချက်ရဲ့ အဖြေကို သိချင်နေတော့မည်။ အဖေ့ရဲ့ မျှော်လင့်ချက်များ စွာနှင့် ရှင်သန်နေမည့် မျက်လုံးများကို မြင်ယောင်တိုင်း သူမ ဝမ်းနည်းလို့ မဆုံးအောင်ပင် ရှိနေရတော့သည် ။

"အိမ်က မိသားစုကို သေသေချာချာ တိုင်ပင်ပေါ့ကွယ်၊ ဟုတ်လား"

"ဟုတ်"

သူမအသံလေးက တိုးတိတ်တိမ်ဝင်သွား၏။

မျက်ရည်လေးများကို လက်ဖမိုးလေးနှင့် ပွတ်သပ်ကာသုတ်ပြီး သွန်းဆစ်ရဲ့ စိတ်တွေကို အတတ် နိုင်ဆုံး ထိန်းချုပ်ပစ်လိုက်သည် ။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ သမီး သွားလိုက်ပါဦးမယ်"

"ကောင်းပြီ သမီး"

သွန်းဆစ် ထိုင်ရာကနေ ဆတ်ခနဲထလိုက်ကာ ဆေးစစ်ချက်အဖြေများ ထည့်ထားသော စာအိတ် လေးကိုယူလိုက်ပြီး ဆေးကုခန်းလေးထဲကနေ လှည့်ထွက်ခဲ့လိုက်သည် ။

"သမီး"

လှမ်းခေါ်လိုက်တဲ့ လေသံက တိုးညှင်းစွာ။

"ခဏလေး အဖေ"

သူမ အဖေ့ဆီမှ အကြည့်ကိုရှောင်လွှဲပြီး ဆေးဝယ်ဖို့ နှင့် ငွေရှင်းဖို့ ကောင်တာလေးဆီ ခပ်သုတ် သုတ်လေး လျှောက်သွားလိုက်၏။ အရေးထဲ မျက်ရည်တွေက ဝဲချင်လာပြန်သည် ။ မျက်တောင်စိပ်စိပ် လေးများ

ကို တဖျပ်ဖျပ် ပုတ်ခတ်ကာ ထိန်းနေသည့်ကြားမှ မျက်ရည်ကြည်တို့ က စိမ့်တက်လာကြ ပြန်၏။

ဘယ်လိုလုပ်ရမလဲ။

ကျွန်မ ဘယ်လိုပုံစံနဲ့ ရင်ဆိုင်ရမလဲ။

အဖေ၊ ကျွန်မတို့ ရဲ့ အိမ်ထောင်ဦးစီး အဖေ။

ကျွန်မတို့ အားလုံးရဲ့ အားကိုးရာတစ်ခု။

သိပ်မကြာခင်မှာ ...

ကျွန်မတို့ အားလုံးကို ကျောခိုင်းပြီး နာကျင်စွာ ညည်းညူပြီး ထွက်ခွာသွားရတော့မည်။ မိသားစု အားလုံး အပူအပင်မရှိ အေးချမ်းစွာ နေထိုင်စားသောက်နိုင်အောင် မိုးရွာမရှောင်၊ နေပူမရှောင် ရရာ အလုပ် ဟူသမျှ သိမ်းကျုံးလုပ်ကိုင်ပြီး ရှာကျွေးခဲ့သော ဒဏ်တွေက အဖေ့အသက် ငါးဆယ့်သုံးနှစ်မြောက် တွင် တော့ ဘယ်လိုမှ တောင့်မခံနိုင်တော့လောက်အောင် ဖိနှိပ်ဝါးမျိုနေခဲ့ချေပြီ။

အဖေရယ် စိတ်မကောင်းလိုက်တာ။

သမီး ဘယ်လိုလုပ်ပေးရမလဲဟင်။

သမီးအကြီးတစ်ယောက်အနေနဲ့ အဖေ ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ နှစ်တွေ။ အဖေ သင်ကြား ပေးခဲ့တဲ့ ပညာတွေနဲ့ လူလောကအလယ်မှာ မျက်နှာမငယ်ရအောင် ရပ်တည်နိုင်နေပေမယ့် သေမတတ် ခံစားနေရတဲ့ အဖေ့ရဲ့ ရောဂါဝေဒနာဆိုးကြီးကို ဘယ်လိုမှ မပယ်ဖျက်ပေးနိုင်ခဲ့ဘူး အဖေရယ်။ ကျွန်မ ဒီအတိုင်း ကြည့်နေရတယ်။ အဖေ အရမ်းခံစားနေရမှန်း သိသိကြီးနဲ့ ဘာမှ လုပ်မပေးနိုင်ဘဲ ရှိနေခဲ့ရ တယ်အဖေ။

သနားလိုက်တာ။

အဖေ့ကို သနားလိုက်တာ။

"ဦးအောင်မော်"

"…………"

"ဦးအောင်မော်"

"ဩော် … ဟုတ် … ဟုတ်ကဲ့၊ ရှိ … ရှိပါတယ်"

အဖေ့နာမည်အား ခေါ်သံစူးစူးကြောင့် အတွေးတွေနှင့် ပျံ့လွင့်နေရာမှ သတိလေး ပြန်ဝင်သွားရ သူက သွန်းစစ်ရယ်ပါ။

ဆရာဝန်ညွှန်ကြားထားသော ဆေးများကို ဆေးကောင်တာမှ စာရေးမလေးက သေချာပြောပြ နေတာကိုမှတ်ပြီး ကျသင့်ငွေကို ရှင်းပေးလိုက်ပြီး ဆေးထုပ်ကိုယူကာ ကောင်တာကနေ ခွာလိုက်သည် ။

အဖေ့ဆီ ခြေလှမ်းတွေ ဦးတည်လိုက်ရပေမယ့် သူမရဲ့ စိတ်တွေက အဝေးဆုံးကိုရောက်နေရ၏။ လူနဲ့ စိတ် မကပ်သလို တွေတွေငေးငေးကြီး ဖြစ်နေရသည် ။

"အဖေ ပြန်ရအောင်"

"အေး အေး သမီး"

အဖေအား ဖေးမတွဲထူပြီး ဖြည်းညင်းစွာနှင့် ဆေးခန်းအပြင်သို့ ထွက်ခဲ့လိုက်သည် ။

ဆိုက်ကားတစ်စီးကိုတားပြီး ဆိုက်ကားပေါ်တက်စေလိုက်၏။

"အစ်ကို ဆိုက်ကားကို ဖြည်းဖြည်းနင်းပေးပါနော်"

"စိတ်ချပါ ညီမ"

လမ်းက သိပ်မကောင်းတာမို့ ဆိုက်ကားသမားကို သေသေချာချာမှာ ထားရ၏။ အရိုးပေါ် အရေ တင်ကာ ပိန်လှီနေသော အဖေကြောင့် ဒဏ်မခံနိုင်မှာ စိုးရိမ်နေရသည် ။ သွန်းဆစ်အဖေ့ကို နောက်ကျော ပေးထိုင်လျက်မှ နေရင်း မျက်ရည်များကို ခိုးသုတ်နေရသည် ။

"သမီး"

"ရှင်"

"ဆရာကြီးက ဘာပြောလဲဟင်"

"ရှင်"

"ဆေးစစ်ချက်က ဘာတဲ့ လဲ သမီး"

အဖေ့အသံက အားမရှိသလောက် တိုးလျပေမယ့် သွန်းစစ် ကြားနေရသည် ။

မေးနေချေပြီ။

အဖေက သိချင်နေပြီလေ။

အမှန်အတိုင်းပြောရင် အဖေ အရမ်းကိုစိတ်ထိခိုက်သွားမှာ ပဲ။ အဖေ့ကို သွန်းဆစ် မပြောပြရက် ပါဘူး။ သွန်းစစ် အဖေ့အပေါ် ဘယ်တုန်းကမှ လိမ်ညာမပြောတတ်ဘူးဆိုတာ သိနေတဲ့ အဖေ့အတွက် အခုတစ်ခါမှာ တော့ အဖေ စိတ်သက်သာရာရအောင် ချိုမြိန်တဲ့ မုသားစကားတစ်ခွန်းကို အသုံးပြုရတော့ မည်။

"ဟို ... ဟို ... အဆုတ် ... အဆုတ် အအေးပတ်တာတဲ့ အဖေ"

"ဟေ ... ဟုတ်လား"

"ဟူး တော်သေးတာပေ့ါ၊ အဖေက အဆုတ်ကင်ဆာဖြစ်နေပြီလို့ ထ
င်နေတာ"

"ရှင်"

"သမီးအဘိုးတုန်းကအတိုင်း ဝေဒနာခံစားနေရလို့ လေ"

မြတ်စွာဘုရား

အဘိုးတုန်းက အတိုင်းတဲ့ ။

အဖေ့ရဲ့ အဖေ သွန်းစစ်ရဲ့ ဘိုးဘိုးလည်း အဆုတ်ကင်ဆာနဲ့
သေသွားတာပဲမဟုတ်လား။

"အဖေ မြန်မြန်နေပြန်ကောင်းချင်ပြီ သမီးရယ်"

အဖေရယ်

သွန်းဆစ် မျက်ရည်တွေ တရစပ် စီးကျလာရ၏။ မေးဖျားလေးတွေ
တဆတ်ဆတ် တုန်လာ ရသည် ။ အသံလေးထွက်မသွားအောင် ပါးစပ်
ကို လက်နှင့် ခပ်တင်းတင်းအုပ်ကာ အသံတိတ် ရှိုက်ငိုနေ မိတော့သည်
။

အဖေ့ဆန္ဒတွေ ဘယ်လိုမှ မပြည့်ဝနိုင်တော့ဘူးဆိုတာ သိနေရသူ သွ
န်းဆစ်အတွက် အဖေ တောင်းတောင်းတတလေး ညည်းညူလိုက်တဲ့ စ
ကားသံလေးက ရင်တစ်ခုလုံး ပေါက်ထွက်မတတ်ပါပဲ။

***

# အခန်း(၂)

"သွန်းဆစ်ဆိုတာ မင်းလား"

"ရှင်"

မေးသံလေးကြောင့် သူမမျက်ဝန်းလေးတွေ အသံလာရာဆီ ဖျတ်ခနဲ မော့ကြည့်လိုက်မိ၏။

မြင့်မားသော အရပ်အမောင်းကြီးနှင့် သူမကို အပေါ်စီးကနေ အံ့မိုးစိုက်ကြည့်နေသော စူးရှရှ မျက်ဝန်းတစ်စုံ၏ အကြည့်ကြောင့် သွန်းစစ်ရဲ့ ရင်လေး ဆတ်ခနဲ တုန်ခါသွားရသည် ။

"ဖြေလေ ကလေးမ"

"ရှင် ဟုတ် ဟုတ်ပါတယ်"

"မင်းကို သူဌေးက တွေ့ချင်လို့ တဲ့ "

"ရှင်"

"ဦးတို့ သူဌေးက တွေ့ချင်လို့ တဲ့ ၊ ကျေးဇူးပြုပြီး ခဏလောက် လိုက်ခဲ့ပါ"

"ရှင်"

သွန်းဆစ် မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရ၏။

သူမ စိတ်ညစ်ညစ်နှင့် ခြံရှေ့က ခုံတန်းလေးပေါ်မှာ ထိုင်နေမိတာပါ။ တစ်နေ့တစ်နေ့ ဆိုးဝါးလာ တဲ့ အဖေ့ရဲ့ ရောဂါအခြေအနေ။ ပြီးတော့ အိမ်ရဲ့ စားဝတ်နေရေး စရိတ်။ ပြီးတော့ မောင်လေး သစ္စာနိုင်နဲ့ ညီမလေး သင်းသီရိတို့ ရဲ့ ပညာရေး။ ဒါတွေအားလုံးကို တွေးတွေးပြီး ရင်မောနေရတဲ့ သွန်းဆစ် တစ်ယောက် သူမ တစ်ခါမျှ မြင်ဖူးခြင်းမရှိသော လူကြီးတစ်ယောက်ဆီက တိတိကျကျ တောင်းဆို လိုက်တဲ့ တောင်းဆိုမှုကြောင့် အံ့သြမင်သက်နေရတော့၏။

"ခဏလေးပဲ လိုက်ခဲ့ပေးပါ ကလေးမ၊ မင်းကို သူဌေးက စကားနည်းနည်းပြောချင်လို့ ပါ၊ အဲဒီ အတွက် မင်းရဲ့ ဂုဏ်သိက္ခာကို လုံးဝမထိခိုက်စေရသလို မင်းရဲ့ စိတ်အာရုံတွေ လုံးဝ မရှုပ်ထွေးစေရဘူး လို့ အာမခံပါတယ်"

"နေပါဦး ဦးက ဘယ်သူလဲ"

"ဦးသက်ထွန်းပါ"

"ဦးကို သွန်းဆစ် တစ်ခါမှ မမြင်ဖူးဘူး"

"ဖြစ်နိုင်ပါတယ်"

"ရှင်"

"မင်း ဦးကို လုံးဝမသိဘူးဆိုတာလေ"

"..........."

သွန်းဆစ် ငြိမ်နေလိုက်သည် ။

ထိုလူကြီးရဲ့ မျက်နှာကိုလည်း စူးစူးနင့်နင့်ကြီး စိုက်ကြည့်ကာ အခြေအနေကို အကဲခတ်နေ မိသည် ။

"ဒါပေမဲ့ သူဌေးက မင်းကို မြင်ဖူးလိုက်တယ်"

"ရှင်"

"မနေ့ညက ဒီရပ်ကွက်ထဲက သူ့သူငယ်ချင်းဆရာဝန်ဆီ အလည်လာ ရင်းနဲ့ မင်းကိုတွေ့လိုက် တာလေ"

သြော်

မနေ့ကဆိုတော့ ဟုတ်ပြီပေါ့။

မနေ့က အဖေ့ကို ညပိုင်းမှာ ဆေးခန်းသွားပြခဲ့တာလေ။ ဒါပေမဲ့ အဲ ဒီနေ့က သူမ စိတ်ထဲမှာ အဖေ့ အတွက်နှင့် ထူပူပြီး ဘယ်သူ့ကိုမှ သတိ ထားမကြည့်နိုင်ခဲ့ဘူးလေ။

"တွေ့လိုက်တော့ ဘာဖြစ်လဲ ဦး"

"မင်းနဲ့ ဆွေးနွေးဖို့ ကိစ္စတစ်ခုကို သူ စဉ်းစားမိသွားတာပေါ့ ကလေး "

"ဆွေးနွေးဖို့ "

သူမ သံယောင်လိုက်ကာ ခပ်တိုးတိုး ရေရွတ်မိသည် ။

"ဟုတ်ပါတယ်၊ အဲဒီနေ့က သွန်းစစ်ဆိုတဲ့ မင်းရဲ့ နာမည်ရယ်၊ ပြီး တော့ မင်းရဲ့ မိသားစု အကြောင်း အားလုံးသိခဲ့တဲ့ အတွက် မင်းနဲ့ ဆွေး နွေးဖို့ အခုလို ရောက်လာခဲ့တာပါ သွန်းစစ်"

"ဟင်"

သွန်းဆစ် မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်ကာ ထိုလူကြီးရဲ့ မျ က်နှာဆီ အံ့သြမင်သက်ကာ စိုက်ကြည့်လိုက်မိသည် ။

"ဟုတ်ပါတယ် ... ကလေးမ၊ အဲဒါကြောင့် မင်းသိပ်ပြီး စိတ်ဝင်စား

တယ်ဆိုရင် ဦးရဲ့ သူဌေးနဲ့ ခဏလေး လိုက်တွေ့လိုက်ပါ၊ မင်းအတွက် အကျိုးမယုတ်စေရပါဘူး ကလေးမ"

သွန်းဆစ်တစ်ယောက် ဘာပြောလို့ ပြောရမှန်းမသိတော့။ အင်မတန်မှ စိတ်ဝင်စားစရာကောင်း သော ဖိတ်ခေါ်မှုကို လက်ခံလိုက်ချင်စိတ်များ တဖွားဖွား ဖြစ်ပေါ်နေရပေမယ့် ဘာမှန်း ညာမှန်းမသိ၊ ဘယ်သူဘယ်ဝါမှန်းမသိ၊ ဘာကိစ္စတွေကြောင့်မှန်း မသိဘဲ လက်လွတ်စပယ်ကြီး လိုက်သွားရမှာ ကိုတော့ ကြောက်ရွံ့နေမိသည် ။

"ဘယ်လိုလဲ ကလေးမ၊ မင်းစိတ်ဝင်စားသလား"

"ရှင်"

"ဦးရဲ့ သူဌေးနဲ့ တွေ့ဖို့ "

"ဟို ဟို မနက်ဖြန်မှ တွေ့လို့ မရဘူးလား ဦး၊ သိပ်အရေးမကြီးဘူးဆိုရင် ကျွန်မ"

"အရေးကြီးတယ် ကလေးမ"

"ရှင်"

"ပြီးတော့ သူဌေးက ဒီညပဲ ခရီးထွက်ရမှာ မို့ အချိန်သိပ်မရှိဘူး၊ အဲဒီတော့ မင်း အခုချက်ချင်းပဲ ဆုံးဖြတ်ပါ"

"ဟင်"

"ဟုတ်တယ် ကလေးမ၊ လိုက်တွေ့ရင် အခုချက်ချင်းပဲလိုက်ခဲ့၊ မတွေ့ချင်ဘူးဆိုရင်လည်း ဦး ပြန်တော့မယ်"

"ဟို ဟို ကျွန်မ ကျွန်မ"

"မင်းတို့ ရပ်ကွက်ထိပ်က ကားမှတ်တိုင်အလွန်မှာ သူဌေးရဲ့ ကား ရ

ပ်ထားပါတယ်၊ ကားထဲ ခဏ ဝင်ထိုင်ပြီး မင်း စကားပြောရုံပဲ ကလေးမ
"

သွန်းဆစ် စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားလာရသည် ။ ရင်တွေ တထိတ်ထိတ် အခုန်မြန်လာ ရ၏။ အသိတရားထက် မသိစိတ်က ဆွဲခေါ်မှုကို သူမ ဘယ်လိုမှ မငြင်းဆန်နိုင်။ ဘာအကြောင်းမှ မသိရ ပါဘဲ ခေါင်းခါလိုက်ရမှာ ကိုလည်း သူမ မလိုလား။

"ကောင်းပြီလေ ဦး၊ သွန်းဆစ် လိုက်ခဲ့ပါ့မယ်၊ ဦးအရှေ့က သွားပါ၊ ခပ်လှမ်းလှမ်းကနေ သွန်းဆစ် လိုက်ခဲ့ပါ့မယ်"

"အိုကေ"

ဦးသက်ထွန်း ဆိုတဲ့ လူကြီးက ပြောပြီးတာနှင့် ချာခနဲနေအောင်ပင် လှည့်ထွက်သွားတော့၏။

သွန်းဆစ် ခြံရှေ့ကနေ လမ်းထိပ်ခဏသွားမည်ဟု အမေ့ကို ခွင့်တောင်းကာ ခြေလှမ်းသွက်သွက် လေးနှင့် ထိုလူကြီးနောက်သို့ လိုက်ပါသွားမိတော့သည် ။

ထူးဆန်းလိုက်ပါဘိ။

သူမ ဘာကြောင့်များ အခုလို အလွယ်တကူ ဆုံးဖြတ်လိုက်မိတာပါလိမ့်။

သေချာတာကတော့ သိလိုစိတ်ပြင်းပြအားကြီးနေတာကြောင့်ပဲ ဖြစ်လိမ့်မည်။

အခုအချိန်မှာ သွန်းဆစ်မှာ တစ်စုံတစ်ခုရဲ့ အင်အားပြင်းပြင်း ညှို့ငင်မှုကို ခံနေရသူတစ်ယောက် လိုဖြစ်နေခဲ့သည် ။

"ဦးရဲ့ သူဌေးက"ဆိုတဲ့ စကားလုံးရဲ့ နောက်ကအကြောင်းအရာတစ်ခုကို သိလိုစိတ်တွေ အတိုင်း အဆမဲ့စွာ ပြင်းပြနေရသည် ။ အမှားအမှန်ပင် သူ မခွဲခြားနိုင်။ အချိန်သိပ်မရှိဘူးဆိုတဲ့ ပြတ်ရှတဲ့ အဆုံး သတ်မှုအောက်တွင် သူမရဲ့ အသိစိတ်များအားလုံး ပြိုလဲကျရှုံးခဲ့ရတော့သည် ။

"ဟိုရှေ့ကကားပဲ ကလေးမ၊ သူဌေးက အရှေ့ခန်းမှာ ထိုင်နေတယ်၊ နောက်ခန်းတံခါးဖွင့်ပြီး မင်း ဝင်ထိုင်လိုက်"

ဦးသက်ထွန်းက ကားရပ်ထားရာသို့ လက်ညှိုးထိုးပြကာ နေရာလေးမှာ တင် ခြေစုံရပ် ကျန်နေ ရစ်ခဲ့၏။

သူမတစ်ယောက်တည်း သွားရမည်ဆိုတဲ့ သဘောပေါ့။

သွန်းဆစ် နည်းနည်းတော့ စိတ်လှုပ်ရှားသွားရ၏။

သူမ တစ်ခါမျှမတွေ့ဖူးတဲ့ လူတစ်ယောက်နှင့် သွားတွေ့ရမည့်အပြင် ရပ်ထားသော အနက်ရောင် ပြောင်လက်နေသည့်ကား မြင့်မြင့်ကြီးကြောင့်လည်း ရင်ထဲစိမ့်နေအောင် တထိတ်ထိတ်ဖြစ်နေရသည် ။

သို့ပေမယ့် သူမ ခြေလှမ်းတွေကိုတော့ နောက်သို့ မလှည့်ဖြစ်ပါ။

ပေါက်တဲ့ နဖူး မထူးဆိုသလိုပင် ရှေ့ဆက်တိုးခဲ့မိတော့သည် ။

သူမခြေလှမ်းတွေက ကားကြီးအနားသို့ ရောက်သွား၏။

ပြီးနောက် ကားနောက်ခန်းတံခါး လက်ကိုင်ကိုဆွဲကာ ကားတံခါးကို ဆွဲဖွင့်ပြီး ဝင်ထိုင်လိုက် သည် ။

"သြော် ရောက် လာပြီလား"

"ဟုတ်"

ညြရှရှ အသံတစ်ခု ထွက်လာ၏။

"သွန်းဆစ်နော်"

"ဟုတ်ပါတယ်"

"မင်းကို အခုလိုခေါ်ခိုင်းလိုက်ရတဲ့ အတွက် စိတ်မကောင်းပါဘူး၊ တကယ်ဆို မင်းနဲ့ အေးအေး ဆေးဆေး အချိန်ယူပြီး ဆွေးနွေးသင့်တယ်ဆိုတာ ကိုယ် သိပါတယ်၊ ဒါပေမဲ့ ကိုယ့်အတွက် အချိန်က သိပ်မရတော့လို့ပါ၊ အဲဒီအတွက် မင်းဘက်ကပဲ နားလည်ပေးပါ သွန်းဆစ်"

"ရပါတယ်၊ တွေ့ချင်ရတဲ့ အကြောင်းပြောပါ"

"ကိုယ့်နာမည်က စံမြန်းထိုက်ပါ"

"ဟုတ်ကဲ့"

"ကိုယ် မင်းဆီက မကူအညီတစ်ခုလောက် တောင်းစရာလို့ ပါ သွန်းဆစ်၊ ပြီးတော့ မင်းရဲ့ မိသားစုအရေးအတွက်လည်း အဆင်ပြေလောက်မယ် ထင်လို့ လေ"

"ဘာကိုဆိုလိုတာလဲ ဦးစံမြန်းထိုက်"

သူမထက် အသက်အများ ဆုံးကွာလှ လေးငါးနှစ်လောက်သာရှိပေမယ့် သူ့အရှိန်အဝါကြောင့် ဦးဟု တပ်ကာ သူမ တလေးတစား ခေါ်လိုက်မိသည် ။

"ဟုတ်ပြီ၊ ကိုယ် ပွင့်ပွင့်လင်းလင်းပဲ ပြောပ့ါမယ် သွန်းဆစ်၊ ကိုယ့်မှာ ကိုယ်သိပ်ချစ်ရတဲ့ ညီတစ်ယောက်ရှိတယ်၊ သူက ဘယ်လိုပြောရမလဲ၊ အခု ကျန်းမာရေး နည်းနည်းချို့တဲ့ နေတယ်ပေ့ါ၊ စိတ်ထိခိုက်မှုတစ်ခုကြောင့် စိတ်ကျရောဂါရနေတယ်ပိုပြီးမှန်တယ်

သွန်းဆစ်"

"အဲဒါ ကျွန်မနဲ့ "

"နေဦး သွန်းဆစ်၊ ကိုယ့်စကားမဆုံးဘဲ မင်းဖြတ်မမေးနဲ့ ၊ ကိုယ်ပြောတာပဲ သေသေချာချာ နားထောင်ပါ"

"ဟုတ် ဟုတ်ကဲ့"

"ညီလေးက အခုတလော အစားအသောက်မမှန်တဲ့ အထိဖြစ်နေတဲ့ အတွက် သူ့ကိုပြုစုပေးဖို့ သွန်းဆစ်ကို လာအကူအညီတောင်းတာပါ"

မြတ်စွာဘုရား

အရူးထိန်းဖို့ လာငှားနေတာပါလား။

ဟင့်အင်း

လုံးဝမဖြစ်ဘူး။

သွန်းဆစ် ကြောက်တယ်။

"အဲဒီအတွက် မင်းမှာ အကျိုးမယုတ်စေရဘူး သွန်းဆစ်၊ တစ်လကို လစာတစ်သိန်းပေးမယ်"

"ရှင်"

"ဟုတ်တယ် သွန်းဆစ်၊ မင်းအဖေအတွက်၊ ပြီးတော့ မင်းတို့ မိသားစု စားဝတ်နေရေးအတွက် အဆင်ပြေအောင် ကိုယ့်ဘက်က ဖြည့်ဆည်းပေးတာပါ၊ မင်းလက်ခံတယ်ဆိုရင် ငါးလစာငွေ ကြိုတင် ရမယ့်အပြင် နေစရိတ် စားစရိတ်ပါ အားလုံး တာဝန်ယူတယ် သွန်းဆစ်၊ အဓိက ကိုယ့်ညီလေးရဲ့ အခြေ အနေအကောင်းဆုံးဖြစ်ဖို့ ပဲ မင်းတာဝန်ယူ၊ ကျန်တာကိုတော့ ငါ့ဘက်က ဖြစ်အောင် တာဝန်ယူပေးမယ်"

"နေ နေပါဦး ဦးစံမြန်းထိုက်"

"ပြော သွန်းဆစ်"

"ကျွန် ကျွန်မကို ဘာကြောင့် ရွေးချယ်တာလဲ"

သူ့မျက်နှာဆီ စေ့စေ့ကြည့်ကာ သိချင်ဇောနှင့် မေးလိုက်၏။ ညမှော င်မှောင် မီးအလင်းရောင် မှိန်ဖျော့ဖျော့သာ တိုးဝင်နေသော ကားကြီး ထဲမှာ ဝေဝေဝါးဝါးသာ မြင်ရသော စံမြန်းထိုက်ဆိုသည့် သူဌေးဂုဏ် ဆောင် လူတစ်ယောက်ကို နားမလည်နိုင်သလိုရှိကာ သွက်လက်စွာပင် သွန်းဆစ် မေးခွန်း လေး ထုတ်လိုက်မိသည် ။

"မက်မောလောက်စရာ လစာငွေတွေပေးပြီး ဘာကြောင့် ဒီအထိလို က် လာပြီး အလုပ်ပေးရတာ လဲ ဦးစံမြန်းထိုက်"

"အင်း မင်း သိသင့်တဲ့ အချက်ပဲ၊ မင်း မေးသင့်ပါတယ်၊ အကြောင်း အရင်းကတော့ မင်းဟာ ကိုယ်သိပ်ချစ်ရတဲ့ ကိုယ့်ညီလေး တော်ဝင်ထို က်ရဲ့ ချစ်သူ၊ ကိုယ်သိပ်မုန်းတဲ့ စူစီနဲ့ ရုပ်ချင်းတစ်ထေရာ တည်း တူနေ တဲ့ မိန်းကလေးမို့ပေါ့ သွန်းဆစ်"

"ရှင်"

သွန်းစစ် ပါးစပ်အဟောင်းသားလေး ဖြစ်သွားရသည် ။

မျက်လုံးအပြူးသားလေး ဖြစ်သွားရချေပြီ။

"ကိုယ့်ညီမ ကိုယ်ချစ်သလောက် ကိုယ့်ကို သိပ်မုန်းနေတယ်လေ သွ န်းဆစ်၊ သူ့ချစ်သူနဲ့ ခွဲတဲ့ သူ ဆိုပြီးတော့ပေါ့။ ညီလေး အခုလို စိတ်ဝေဒ နာခံစားနေရတာ ကိုယ့်အပြစ် လုံးဝမကင်းဘူး သွန်းဆစ်၊ ဒါကြောင့် မ င်းဆီကို ကိုယ်ရောက်လာတာ၊ မင်းကို တွေ့လိုက်ရင် သူ့အတွက် နည်းန ည်းအဆင် ပြေလောက်မယ်လို့ ကိုယ်ထင်တယ်"

"အဲဒီလောက်တောင် နောင်တတွေရနေရင်လည်း သူ့ချစ်သူ စူစီနဲ့ ပြန်ပေးစားလိုက်ပါလား ဦးစံမြန်းထိုက်"

"စူစီက သေသွားပြီလေ သွန်းဆစ်"

"ရှင်"

"စူစီ သေပြီ"

"ဘုရား ဘုရား"

"မင်း ဘယ်လိုဆုံးဖြတ်မလဲ သွန်းဆစ်"

မေးပြီ။

သူက ပြတ်ပြတ်သားသားကို မေးနေပြီ။

သွန်းဆစ် အဖေ့မျက်နှကိုရော မောင်လေးနဲ့ ညီမလေးရဲ့ မျက်နှာကိုရော ပြန်မြင်ယောင်ကြည့် မိ၏။ ပြီးတော့ သူမ ရမည့်လစာငွေ။ speaking မတတ်၊ computer မသင်ရဘဲ ရမည့်လစာငွေ။

"သွန်းဆစ်"

ခေါ်သံတစ်ခုကြောင့် သူမ ခေါင်းလေး ဆတ်ခနဲ မော့သွား၏။

ပြီးနောက် ခေါင်းလေးကို ဆတ်ခနဲနေအောင်ပင် ညိတ်ပြလိုက်မိတော့သည် ။

***